# စစ်သူကြီးမဟာဗန္ဓုလ
# နှင့်
# ဓနုဖြူတိုက်ပွဲ

မောင်ခေတ်ထွန်း



"အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် စစ်သူကြီးမဟာဗန္ဓုလ (မြန်မာသက္ကရာဇ် ၁၁၄၄-၁၁၈၆)သည် မြန်မာ့ဇာတိသွေးဇာတိမာန်ကို ပြသလျက် ရင်မြေကတုတ်ပြုလုပ်ကာ သေသည် အထိ တိုက်ပွဲဝင်သွားခဲ့သည် "

မဟာဗန္ဓုလ၏ ဘွဲ့မည် အပြည့်အစုံမှာ "စစ်သူကြီးသတိုးသုဓမ္မ မဟာဗန္ဓုလ" ဖြစ်သည် ။ ဘိုးတော်ဘုရားနှင့် ဘကြီးတော်လက်ထက်တို့တွင် နိုင်ငံအတွက် ရှုပ်ရှုပ်ချုံချုံ အမှုထမ်းခဲ့သည် ။ ဘိုးတော်ဘုရားလက်ထက် အင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် စွမ်းရည်သတ္တိနှင့် အတိုက်အခိုက်ကောင်းခြင်းတို့ ကြောင့် တစ်ဟု န်ထိုး နာမည်ကျော်ကြားလာသည် ။ မဟာဗန္ဓုလသည် မထင်ရှားသော အမျိုးအနွယ်မှ မွေးဖွားလာခဲ့လင့်ကစား စွမ်းရည်သတ္တိ၊ လုံ့လဝီရိယတို့ ကြောင့် မင်းညီမင်းသားတို့ သာ ခံယူထိုက်သော "ဒီပဲရင်းမြို့ဝန်"၊ "နေမျိုးသူရ ရဲခေါင်ဘွဲ့"၊ "သတိုးဘွဲ့" နှင့် "စစ်သူကြီးဘွဲ့" တို့ ကို ရရှိခဲ့သည် ။



အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲနှင့် မဟာဗန္ဓုလမှာ ခွဲခြား၍ မရ။ စင်စစ် မဟာဗန္ဓုလဆင်နွှဲသော စစ်ပွဲသည် နယ်ချဲ့ကျူးကျော်မှုကို တွန်းလှန်

သော စစ်ပွဲဖြစ်သည် ။ သို့သော် ထိုစဉ်က မြန်မာတို့ ကိုင်ဆောင်သော သေနတ်လက်နက်များမှာ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှ အသုံးမလိုတော့သည့် ဖျက်ဆီးပစ်ရန် စွန့်ပစ်ထားသော မီးကျိုးမောင်းပျက် လက်နက်များ ဖြစ်သည် ။ ခေတ်မီလက်နက်များ ကိုင်ဆောင်ထားကြသော အင်္ဂလိပ်များကိုမယှဉ်သာ။ သို့သော် မြန်မာတို့ ၏ နီမောင်းသော သတ္တိသွေး၊ သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်အရာတွင် အင်္ဂလိပ်တို့ လက်ဖျားခါရသည် ။

မဟာဗန္ဓုလသည် မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ကျဆုံးခဲ့သည် ။ သူကွယ်လွန်ချိန်၌ အသက် ၄၂ နှစ်သာ ရှိသေးသည် ။

မဟာဗန္ဓုလ၏ စွမ်းရည်နှင့် သတ္တိဗျူဟာကို နိုင်ငံခြားသားများကပင် လေးစားကြသည် ။ အထူးသဖြင့် မဟာဗန္ဓုလ၏ မြေကတုတ်စစ်ဆင်ရေး စစ်ဗျူဟာ၊ စစ်ဆင် စစ်တက် သေနင်္ဂဗျူဟာတို့ သည် အံ့ချီးဖွယ်ဖြစ်သည် ။ ဓနုဖြူ ခံတပ် တည်ဆောက်ပုံ၊ ခံတပ်ရှိ အဝေးပစ်အမြောက်ကြီးများက ဂျင်နရယ်ကော့ထွန်း၏ ရေကြောင်းချီတပ်ကို နိုင်နိုင်နင်းနင်း ဖြိုခွင်းပုံနှင့် မိုးဖြိုင်ဖြိုင်ရွာသွန်းသော အချိန်ကာလအတွင်း အမြောက်ကြီးတပ်ဖွဲ့များ ပါဝင်သည့် မိမိတပ်တော်ကြီးနှင့် အတူ ရန်ကုန်စစ်မျက်နှာသို့ လျင်မြန်စွာ ချီတက်လာပုံတို့ ကို အင်္ဂလိပ်တပ်မှူးကြီးများကပင် အံ့သြချီးကျူးကြရသည် ။ မဟာဗန္ဓုလသည် ရန်ကုန်စစ်မျက်နှာကို ရင်ဆိုင်ထိုးစစ်၊ ပန်းဝိုက်ထိုးစစ်၊ နောက်ဝိုက်ထိုးစစ်များကို သာမက ပြောက်ကျားတိုက်ပွဲများကိုလည်း တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲခဲ့သည် ။ ကြည့်မြင်တိုင် တိုက်ပွဲများ ၌ မြစ်တွင်းရှိ အင်္ဂလိပ်တို့ မှာ များ စွာ အခက်အခဲတွေ့သွားကြရသည် ။ မဟာဗန္ဓုလ၏ စွမ်းရည်သတ္တိ ၊ စစ်ဗျူဟာ။ နည်းပရိယာယ်၊ အစီအမံအကွပ်အကဲတို့ နှင့် ပတ်သက်၍

စစ်ပွဲတွင် ပါဝင်ခဲ့သူ အင်္ဂလိပ်စစ်အရာရှိကြီးများက စစ်သမိုင်းကျမ်းအစောင်စောင်တို့ တွင် ထုတ်ဖော်ချီးကျူးရေးသား ခဲ့ကြသည် ။

မဟာဗန္ဓုလနှင့် ပတ်သက်၍ ဂျော့ဘရူ (Bruce, George) ၏ မြန်မာစစ်ပွဲများ (၁၈၂၄-၁၈၈၆) (The Burma Wars) စာအုပ်တွင် -

"မဟာဗန္ဓုလသည် အခြားသာမန် မြန်မာစစ်သူကြီးများကဲ့သို့မဟုတ်။ နေးနေးမှန်မှန် လုပ်ဆောင်တတ်ပြီး ကျားသဖွယ်သတ္တိရှိသူဖြစ်သည် ။ သူသည် မျိုးရိုးဂုဏ်သိက္ခာ၊ ထီးဟန်နန်းဟန် တို့ ကို လုံးဝ ဂရုမစိုက်တတ်ချေ။ မိမိတစ်ဦးတည်း နေထိုင်တတ်ပြီး တစ်ရှူးထိုးစိတ်ရှိသဖြင့် ဟိတ်ကြီးဟန်ကြီး ထီးမူနန်းဟန်ဖြင့်စနစ်တကျ နေထိုင်ရသည့် ပုံစံမျိုးကို ကြိုက်နှစ်သက်ခြင်းမရှိချေ။ အပြစ်ပေးရာတွင် မတွန့်မဆုတ် မိမိကိုယ်တိုင် ရက်ရက်စက်စက် အပြစ်ပေးတတ်သည် ။ တစ်ခါတွင် အမိန့်ကို လိုက်နာရန်တွန့်ဆုတ်သည့် တပ်မှူးကြီးတစ်ဦးအား သူသည် မြင်းပေါ်မှ ခုန်ချကာ မိမိဓားဖြင့် ခေါင်းကို ပိုင်းဖြတ်သတ်လိုက်ကြောင်း သိရသည် ။ တပ်များ အတွင်း စည်းကမ်းဖောက်ဖျက်ပါကလည်း ပြင်းထန်သော ပြစ်ဒဏ်များကို ပေးတတ်သည် ။ မဟာဗန္ဓုလသည် ရက်စက်ကြမ်းကြုတ်သည် မှန်သော်လည်း မြန်မာတပ်သားအားလုံး၏ ချစ်ကြည်ယုံကြည် အားထားခြင်းခံရပြီး စာလွှာနှင့်ညွှန်ကြားသည် ဆိုရုံမျှနှင့်ပင် သူ၏ အမိန့်အတိုင်း စိတ်ပါဝင်စားစွာ တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်တတ်ကြသည် ။ သူ့တွင် မိမိတပ်သားများ အပေါ် လွှမ်းခြုံနိုင်သော ထူးခြားစွမ်းအားရှိသည် ။ ထို့ကြောင့်ပင် မဟာဗန္ဓုလ၏ စစ်သားများ သည် တိုက်ပွဲဝင်ရန်ပြင်ဆင်ရာ၌ အချိန်မှန် တိကျလှပေသည် ။ မဟာဗန္ဓုလသည် အခြားသူများကဲ့သို့ နက္ခတ်ဗေဒင်ဆရာများ အပေါ် ယုံကြည်မှုမရှိ။ စစ်ရေးအခြေအနေအပေါ်တွင် သာ မူတည်၍ တိကျစွာဆုံးဖြတ်ဆောင်ရွက်တတ်သည် ။ ကြိုတင်သိမြင်ခြင်း၊ လျင်မြန်လွန်းခြင်းနှင့် ဇွဲ

သတ္တိ၊ အားမာန်တို့ သည် မဟာဗန္ဓုလ၏ တိုက်ပွဲများ တွင် မှတ်တမ်းတင်ခံရသည့် စွမ်းရည်များ ပင် ဖြစ်သည် ။ မဟာဗန္ဓုလသည် ကား စစ်တိုက်ခိုက်ရေးအတွက် သက်သက်မွေးဖွားလာသော စစ်သားကောင်းကြီး တစ်ယောက်ပင် ဖြစ်ပေသည် " ဟူ၍ ရေးသားဖော်ပြခဲ့သည် ။

***